**KBZ Premium Banking Service မှတစ်ဆင့် Samsung Galaxy Z Fold 6 and Flip 6 မှာယူခြင်းအတွက် စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များ**

၁။ ဤအစီအစဉ်တွင် KBZ Premium Banking Customers လူကြီးမင်းတို့အနေဖြင့် Samsung မှ နောက်ဆုံးထွက်ရှိမည့် Samsung Galaxy Z Fold 6 နှင့် Flip 6 ဖုန်းများကို ကြိုတင် (Preorder) မှာယူပြီး အထူးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၂။ KBZ Premium Banking Service မှတစ်ဆင့် Samsung Galaxy Z Fold 6 and Flip 6 ကို ကြိုတင်မှာယူရန်ကာလသည် (၂၀၂၄) ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့မှ (၂၀၂၄) ခုနှစ် ဇူလိုင်လ(၃၀) ရက်နေ့ အထိဖြစ်ပါသည်။

၃။ Preorder မှာယူသော Premium Banking Customers လူကြီးမင်းများရရှိမည့် ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- မှာယူထားသော ဖုန်းကို ပြင်ပသတ်မှတ်ရက်ထက် ကြိုတင်ထုတ်ယူနိုင်ခြင်း။
- ၉၀၀,၀၀၀ ကျပ်တန်ဖိုးရှိ လက်ဆောင်များဖြစ်သော Original Cover နှင့် 25W Travel Adaptor အပြင် Double Storage ရရှိနိုင်ခြင်း။
- KBZ Premium Banking Customer များအတွက် အထူးလက်ဆောင်အနေဖြင့် Galaxy Fit 3 ကို ရရှိနိုင်ခြင်း။
- Samsung Galaxy Z Fold 6 ဝယ်ယူသူများအတွက် ၃၀၀,၀၀၀ ကျပ်တန် KBZPay Market Coupon နှင့် Samsung Galaxy Z Flip 6 ဝယ်ယူသူများအတွက် ၂၅၀,၀၀၀ ကျပ်တန် KBZPay Market Coupon တို့ရရှိနိုင်ခြင်း။

၄။ Customer များသည် ကြိုတင် Preorder မှာယူခြင်းကို ကမ္ဘောဇဘဏ်၏ Relationship Manager များမှတစ်ဆင့် ပြုလုပ်ရမည်ဖြစ်ပါသည်။ ကြိုတင် Preorder မှာယူသည့်အခါတွင် စရန်ငွေ (၁) သိန်းကျပ်ကို သတ်မှတ်ထားသော KBZPay သို့မဟုတ် KBZ mBanking မှတစ်ဆင့် ကြိုတင် ပေးဆောင်ရန် လိုအပ်ပါသည်။

၅။ Customer သည် ကြိုတင်မှာယူပြီးနောက်တွင် ဖုန်းအရောင်ပြောင်းလဲလိုခြင်း နှင့် Fold 6 မှ Flip 6 (အပြန်အလှန်အားဖြင့်) လဲလှယ်လိုခြင်း ဖြစ်ပေါ်ပါက Customer သည် Relationship Manager သို့အကြောင်းကြားရမည်ဖြစ်သည်။ သို့မှသာ Relationship Manager သည် ပစ္စည်းရရှိနိုင်မှုပေါ်မူတည်၍ Customer မှ ပြောင်းလဲလိုသော အရောင်နှင့်/သို့မဟုတ် ပစ္စည်းရရှိနိုင်မှုအား Customer ထံ ပြန်လည်အကြောင်းကြားမည်ဖြစ်သည်။ Customer မှလဲလှယ်ရန် တောင်းဆိုသည့်အချိန်တွင် Customer လဲလှယ်လိုသည့် ပစ္စည်းရရှိနိုင်ပါက Customer ၏မှာယူမှုအား ပြန်လည်ပြောင်းလဲပေးမည်ဖြစ်သည်။ ကြိုတင်မှာယူမှုအား Customer မှ ပယ်ဖျက်သောကိစ္စရပ်တွင် စရန်ငွေကိုပြန်လည်ပေးအပ်မည်မဟုတ်ပါ။

၆။ ကြိုတင်မှာယူပြီးနောက်တွင် ဖုန်းနှင့်တကွ အထက်ဖော်ပြပါလက်ဆောင်ပစ္စည်းများကို Customer မှမည်သည့်ရက်တွင် လက်ခံရရှိနိုင်မည်ကို Relationship Manager မှ ဆက်သွယ်အကြောင်းကြား အတည်ပြုပါမည်။ စုစုပေါင်းပေးချေရန်ကျန်ရှိငွေကို ဖုန်းလက်ခံမရယူမီ တစ်ရက်အလိုတွင် KBZPay သို့မဟုတ် KBZ mBanking မှတစ်ဆင့် အပြည့်အဝပေးဆောင်ရန် လိုအပ်ပါသည်။ Customer သည် Relationship Manager ထံသို့

ငွေအပြည့်ပေးချေပြီးကြောင်းပြေစာကို ပေးပို့ရမည်ဖြစ်ပြီး၊ ထို့နောက်တွင် Relationship Manager သည် ဖုန်းနှင့်လက်ဆောင်ပစ္စည်းများကို Customer ထံလက်ရပေးပို့သွားပါမည်။

၇။ Customer သည် ပေးပို့မှုလိပ်စာအပြောင်းအလဲရှိပါက Relationship Manager ထံ အကြောင်းကြားရမည်။ Customer ၏လိပ်စာသည် သွားရောက်ပို့ဆောင်ရန် အခက်အခဲရှိပါက၊ Customer သည် Relationship Manager မှ အကြောင်းကြားသည့် Samsung ၏ Master Dealer ထံမှ ပစ္စည်းများကို လက်ခံရယူရမည်ဖြစ်သည်။

၈။ Customer များသည် ဖုန်းကို လက်ခံရယူစဉ်အချိန်တွင် စစ်ဆေးပြီးမှသာ လက်ခံရမည်ဖြစ်ပြီး ဖုန်းတွင် ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက Samsung ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာရမည်ဖြစ်သည်။

၉။ Customer များအနေဖြင့် ရရှိလာသော KBZPay Market Coupon များကို KBZPay Market ရှိ မည်သည့် Merchant မဆိုထံမှ မည်သည့်ပစ္စည်းကိုမဆို ဝယ်ယူရာတွင်အသုံးပြုနိုင်ပြီး One-time Checkout (ဝယ်ယူသည့်ပစ္စည်းအားလုံးကို စုပေါင်း၍ တစ်ကြိမ်တည်းငွေချေခြင်း) ဖြင့် ဝယ်ယူရန် လိုအပ်ပါသည်။ ဝယ်ယူသည့်ပမာဏသည် KBZPay Market Coupon ၏ ပမာဏထက် (၁) ကျပ် ပိုများရန်လိုအပ်ပါသည်။ Coupon များကို လက်ခံရရှိသည့်ရက်မှ ပြက္ခဒိန်ရက်ပေါင်း (၃၀) အတွင်း အသုံးပြုနိုင်ပါသည်။ ကူပွန်ကို တစ်ကြိမ်အသုံးပြုပြီး ထပ်မံအသုံးပြုနိုင်မည်မဟုတ်ပါ။

၁၀။ Customer များသည် ၎င်းတို့၏ လက်ဆောင်များနှင့် KBZPay Market Coupon များအား လဲလှယ်ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ငွေကြေးအဖြစ် လဲလှယ်ခြင်းအား ခွင့်မပြုပါ။

၁၁။ KBZ Bank အနေဖြင့် ထိန်းချုပ်၍မရသော မမျှော်မှန်းနိုင်သော ဖြစ်ရပ်များကြောင့် အချိန်မှီပေးပို့နိုင်ခြင်း မရှိပါက ပစ္စည်းများအား KBZ Bank သည် သင့်လျော်သည့် အချိန်တစ်ခုတွင် ဝယ်ယူထားသည့် Customer များထံသို့ ပေးအပ်ခွင့် သို့မဟုတ် ထိုပစ္စည်းအတွက် Customer အား စရန်ငွေပြန်အမ်းခြင်းတို့အား KBZ Bank ၏ ဆုံးဖြတ်ချက်ဖြင့် ပြုလုပ်ဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။

၁၂။ KBZ Bank ဝန်ထမ်းများသည် အစီအစဉ်တွင် ပါဝင်သူများအား ဆက်သွယ်ပြီး ၎င်းတို့၏ ကိုယ်ရေးအချက် အလက်များ၊ OTP သို့မဟုတ် PIN နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက် အလက်ကိုမျှ တောင်းခံမည် မဟုတ်ပါ။

၁၃။ ဤအစီအစဉ်နှင့်ပတ်သက်၍ သုံးစွဲသူများနှင့် KBZ Bank တို့အကြားအငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက ထိုအငြင်းပွားမှုအား KBZ Bank၏ တာဝန်ရှိသူများမှ ပြဌာန်းဥပဒေအရ Customer များ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှု မရှိစေရန် သေချာစွာစိစစ် ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

၁၄။ KBZ Bank သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေး အကြောင်း ကြားနိုင်ခြင်းမရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်းနှင့် စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း နှင့် သို့မဟုတ် အစီအစဉ်အား ပယ်ဖျက်ခွင့် နှင့် အကျိုးခံစားခွင့်

သို့မဟုတ် သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့်၊ သို့မဟုတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့် တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက် နိုင်သည်။

၁၅။ KBZ Bank အနေဖြင့် တစ်စုံတစ်ရာသော အကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်း မရှိပဲ ဤ အစီအစဉ်အားပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက် တစ်စုံတစ်ရာ ပြောင်းလဲခြင်းကြောင့် သုံးစွဲသူများအနေဖြင့် လျော်ကြေးတစ်စုံတစ်ရာ ရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၆။ KBZ Bank နှင့် KBZPay ဆိုင်ရာပုံမှန်စည်းမျဥ်းစည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင်စေရမည်။

၁၇။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်တော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီအဓိပ္ပါယ်ဖွင့်ဆိုရမည်။

၁၈။ KBZ Bank သည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် KBZ Bankအနေဖြင့် ထိန်းချုပ်၍မရသော အခြေအနေနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များဖြစ်ပေါ်မှုကြောင့် ဖြစ်စေ ဆောက်ရွက်ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့်ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ် ကာလအတွင်း KBZ Bank မှ ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် KBZ Bank အနေဖြင့် KBZ Bank အသုံးပြုသူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ အား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ် ယူခြင်းမရှိစေရပါ။

၁၉။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုး ဖြင့် ရေးသားထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပါယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့်ရေးသားထားသောကြောင့် ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် မြန်မာသာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များကိုသာလျှင် အမှန်ယူမည်ဖြစ်သည်။